မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910 E-mail : blcsan@ksc.th.com; Website : www. blc-burma.org

## ကိုမင်းအောင်နှင့်ကိုကျော်မျိုးနိုင် တို့ကို အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေဖြင့် ထပ်မံပြစ်ဒဏ်များချမှတ်လိုက်ခြင်းအပေါ် ဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက်

(က) ရခိုင်ပြည်နယ် တောင်ကုတ်မြို့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး၊ ကိုမင်းအောင် သည် ၂၀၀၇ ခုနှစ် အောက်တိုဘာလ (၁၃) ရက်နေ့ နံနက် (၈း၀၀) နာရီဝန်းကျင်ခန့်က စစ်ထောက်လှမ်းရေးနှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များက ခိုင်လုံတိကျသော အကြောင်းပြချက်မပေးဘဲ နေအိမ်၌ လာရောက်ဖမ်းဆီးသွားခြင်းဖြစ်သည်။[1]

(ခ) ကိုမင်းအောင်ကို ဖမ်းဆီးပြီး (၄) ရက်အကြာ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၂၇) ရက်နေ့တွင် ပြစ်မှု ဥပဒေပုဒ်မ - ၅၀၅ (ခ)၊ ၂၉၅ (က)၊ ၁၄၃ စသည့် ပုဒ်မ များအပြင် ၁၉၈၈ ခုနှစ် အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေပုဒ်မ၊ ပုဒ်မ - ၆ စသည်တို့ဖြင့် သံတွဲခရိုင်တရားရုံးတော်က ထောင်ဒဏ် (၉) နှစ်ခွဲ ကျခံစေရန် အမိန့်ချမှတ်ခြင်းခံခဲ့ရသည်။[2]

(ဂ) ရခိုင်ပြည်နယ် တရားရုံးသို့ အယူခံဝင်ရောက်ခဲ့ရာ ထောင်ဒဏ် (၉) နှစ်ခွဲမှ ထောင်ဒဏ် (၂) နှစ်ခွဲ အထိလျှော့ချသတ်မှတ်ခြင်းခံခဲ့ရသည်။[3]

(ဃ) ကိုမင်းအောင်သည် ထောင်အသီးသီးသို့ပြောင်းရွှေ့ခံခဲ့ရပြီး ယခု စစ်ကိုင်းတိုင်း ကလေးထောင်တွင် ပြစ်ဒဏ်ကျခံနေရကာ ၂၀၀၈ ခု၊ ဒီဇင်ဘာလ (၁၀) ရက်နေ့၌ တမူးမြို့နယ် တရားရုံးတွင် ထပ်မံရုံးထုတ်ခြင်းခံခဲ့ရပြီး ၂၀၀၈ ခု ဒီဇင်ဘာလ (၁၇) ရက်နေ့တွင် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေဖြင့် ထောင်ဒဏ် (၁၅) နှစ်ထပ်မံပြစ်ဒဏ်ချမှတ်ခဲ့ပြန်သည်။[4]

(င) ကိုမင်းအောင်၏ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ (၁၇) ရက်နေ့ တွင် ချမှတ်ထားသည့် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအရ ထောင်ဒဏ် (၁၅) နှစ်ထပ်မံချမှတ်ခံရခြင်းနှင့် စပ်လျဉ်းပြီး အယူခံမှု ဆက်လက် တက်ရောက်ခဲ့သည်။ ယင်းအယူခံမှုနှင့်စပ်လျဉ်းပြီး ၂၀၀၉ ခုနှစ် (၆) လပိုင်းတွင် အမှုကို အကျဉ်းနည်း ပလပ်ခဲ့သည်။ သို့သော် ထိုအယူခံမှုကို ပလပ်လိုက်ကြောင်း ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ (၇) ရက်နေ့တွင်မှ သိရှိခွင့်ရရှိခဲ့သည်။[5]

(စ) ၂၀၀၉ ခုနှစ် ဇွန်လ (၁၃) ရက်နေ့တွင် တာမွေမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်အဖွဲ့ဝင် ကိုကျော်မျိုးနိုင်ကို အာဏာပိုင်များကဖမ်းဆီးခဲ့ပြီး ဗဟန်းမြို့နယ်တရားရုံးတွင် ရုံးတင်စစ်ဆေးခဲ့ကာ (၂၀.၁၁.၂၀၀၉) ရက်နေ့တွင် ပြစ်မှုဥပဒေ ပုဒ်မ - ၅၀၅ (ခ) ဖြင့် ထောင်ဒဏ် (၂) နှစ်ကျခံစေရန်လည်းကောင်း၊ (၃၀.၃.၂၀၁၀) ရက်နေ့တွင် မတရားအသင်းဥပဒေ ပုဒ်မ - ၁၇/၁ ဖြင့် ထောင်ဒဏ် (၂) နှစ် ခြောက်လ ကျခံစေရန် လည်းကောင်း အမိန့်အသီးသီးချမှတ်ခြင်းခံခဲ့ရသည်။[6]

---

[1] ဂျွှပသတင်းစဉ် ၁၃.၁၀. ၂၀၀၇
[2] ဒီဘီဗီ ၂. ဇန်နဝါရီ ၂၀၀၉ (ခင်နှင်းထက်) ဒီဗီဘီ ၂၇ အောက်တိုဘာ ၂၀၀၇ (အေးနိုင်၊ဒီဗီဘီ သတင်းထောက်)
သံတွဲခိုရင်တရားရုံး စီရင်ချက်နှင့် အမိန့်
[3] ရခိုင်ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့်အမိန့် ။ ဒီဗီဘီ ၂၊ ဇန်နဝါရီ ၂၀၀၉ (ခင်နှင်းထက်)
[4] ဒီဗီဘီ - ၂ ဇန်နဝါရီ ၂၀၀၉ (ခင်နှင်းထက်)
[5] ဒီဗီဘီ ၁ မတ် ၂၀၁၀
[6] ဒီဗီဘီ ခင်နှင်းထက် ၂၇ မေ ၂၀၁၀

(ဆ) ထောင်ဒဏ်ကျခံနေရဆဲတွင်ပင် ၂၀၁၀ မေလ ၂၇ ရက်နေ့တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးက အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေဖြင့် ထောင်ဒဏ် (၁၀) နှစ်ထပ်မံချမှတ်လိုက်ကြောင်း သိရှိရသည်။[7]

**ဥပဒေရေးရာသုံးသပ်ချက်**

ကိုမင်းအောင်နှင့် ကိုကျော်မျိုးနိုင်တို့ကို ပထမဦးစွာ ပြစ်မှုဥပဒေပုဒ်မ - ၅၀၅(ခ) ဖြင့်တရားစွဲဆို ပြစ်ဒဏ်စီရင်ခြင်းဖြစ်ပြီး မည်သူမဆို ဖော်ပြချက်ကိုဖြစ်စေ၊ ကောလဟာလကိုဖြစ်စေ၊ သတင်းကိုဖြစ်စေ ပြုရာတွင်သို့တည်းမဟုတ် ထုတ်ပြန်ကြေငြာရာတွင် သို့တည်းမဟုတ်ဖြန့်ချိရာတွင် နိုင်ငံတော်အစိုးရကိုဖြစ်စေ၊ နိုင်ငံတော်ငြိမ်ဝပ်ရေးကိုဖြစ်စေ၊ ထိခိုက်သည့် ပြစ်မှုကို တဦးတယောက်သောသူက ကျူးလွန်ချင်လာအောင် အများပြည်သူကိုသော် ၎င်း၊ အများပြည်သူ၏ သီးခြားလူစုကိုသော်လည်းကောင်း ကြောက်ခြင်း၊ ထိတ်လန့်ခြင်း တခုခုဖြစ်စေရန် အကြံရှိလျှင်၊ သို့တည်းမဟုတ် ထိုသို့ဖြစ်စေတန်ရာသည့် အကြောင်းရှိလျှင် ထောင်ဒဏ် (၂) နှစ်ချမှတ်ရမည်ဟူ၍ ပြဋ္ဌာန်းထားသည်။

အထက်ဖော်ပြပါ ပြစ်မှုဥပဒေနှင့် ပြစ်ဒဏ်ချမှတ်ပြီးသည့်အချိန်မှသာလျှင် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ - ၃၃ (က) ဖြင့် ထပ်မံပြစ်ဒဏ်စီရင်ခြင်းဖြစ်သည်။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ - ၃၃ (က) ပြဋ္ဌာန်းချက်မှာ -

- မည်သူမဆို အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးနည်းပညာကို အသုံးပြုလျက် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး နိုင်ငံတော်၏ စီးပွားရေး သို့မဟုတ် အမျိုးသားယဉ်ကျေးမှုကိုထိခိုက်စေသည့် ပြုလုပ်မှုတရပ်ရပ်ကိုပြုလုပ်လျှင် ထောင်ဒဏ် (၇) နှစ်မှ (၁၅) နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်ဟူ၍ ပြဋ္ဌာန်းထားသည်။

အထက်ဖော်ပြပါဥပဒေနှစ်ရပ် ပြဋ္ဌာန်းချက်ကိုနှိုင်းယှဉ်ပါက အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးနည်းပညာဆိုသည့်စကားရပ်မှလွဲ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး စသည့်စကားရပ်များသည် သဘောသဘာဝချင်းတူညီလျက်ရှိသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ - ၄၀၃ (၁) တွင် တကြိမ် ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးသူကိုဖြစ်စေ၊ ပြစ်မှုမှ အပြီးအပြတ်လွှတ်ခြင်းခံပြီးသူကိုဖြစ်စေ ၎င်းပြစ်မှုနှင့်ပင် မစစ်ဆေးရဟု အတိအလင်းပြဋ္ဌာန်ထားပါသည်။

ကိုမြင့်အေးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအမှု (၉၇/၇၀) တွင် **နောက်ထပ်စွဲဆိုသည့်အမှုမှ အချက်အလက်များနှင့် စပ်လျဉ်း၍ ပထမအကြိမ်စစ်ဆေးစီရင်စဉ်ကပင် သိရှိခဲ့လျှင် ထိုပြစ်မှုအတွက် ဒုတိယအကြိမ်စစ်ဆေးစီရင်ခြင်း မပြုနိုင်တော့ပေ -** ဟူ၍လည်းကောင်း၊ ဦးအောင်ထွန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ (၈၈/၁) အမှုတွင် **အမှု (၂) မှုမှ အကြောင်းခြင်းရာများသည် ထူးထူးခြားခြား ကွဲပြားမှုမရှိ၊ စာတစ်စောင်တည်းအပေါ် အခြေပြု၍ မစွဲဆိုနိုင်** ဟူ၍လည်းကောင်းအတိအလင်း စီရင်ထုံးဖွဲ့ထားသည်။

ထို့ကြောင့် ကိုမင်းအောင် နှင့် ကိုကျော်မျိုးနိုင်တို့အား ပြစ်မှုဥပဒေပုဒ်မ - ၅၀၅ (ခ)ဖြင့်စစ်ဆေးစီရင်ပြီးသည့်နောက်ပိုင်းတွင်မှ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေဖြင့် ထပ်မံပြစ်ဒဏ်စီရင်ခြင်းမှာ ဥပဒေ သဘောသဘာဝချင်း တူညီသည့်ဥပဒေများကို အသုံးပြု၍ စီရင်ထားခြင်းဖြစ်သည့်အတွက် လည်းကောင်း၊ အကြောင်းခြင်းရာများ ထူးထူးခြားခြားကွဲပြားမှုမရှိဘဲ ထပ်မံစီရင်ခြင်းဖြစ်၍လည်းကောင်း၊ ပထမအကြိမ်စစ်ဆေးစီ

[7] ဒီဗီဘီ ခင်နှင်းထက် ၂၇ မေ ၂၀၁၀

ရင်စဉ်ကပင် သိရှိခဲ့သည့် အချက်အလက်များနှင့် စပ်လျဉ်း၍ နောက်ထပ်တရားစွဲဆို ပြစ်ဒဏ်ချမှတ်ခြင်းဖြစ်၍ လည်းကောင်း ဥပဒေပြဌာန်းချက်များစီရင်ထုံးများနှင့် ညီညွတ်မှုမရှိကြောင်းတွေ့ရှိရသည်။

ကိုမင်းအောင်သည်အကျဉ်းထောင်တွင်းမှအယူခံမှုတင်သွင်းခဲ့ခြင်းဖြစ်သည်။ အကျဉ်းနည်းပလပ်ခဲ့သည်မှာ ၂၀၀၉ ခုနှစ် (၆) လပိုင်းတွင်ဖြစ်ပြီး ထိုသို့ပလပ်လိုက်ကြောင်း ကိုမင်းအောင်အားအသိပေးခဲ့သည်မှာ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ (၇) ရက်နေ့တွင်မှ ဖြစ်သည်။

အကျဉ်းထောင်လက်စွဲ အပိုဒ် ၄၃၉ အရ အကျဉ်းဦးစီးမှ အကျဉ်းသားများ အယူခံဝင်ရောက်နိုင်ရန် အဘက်ဘက်မှ အကူအညီပေးရမည်ဖြစ်ပြီး အယူခံလျှောက်ထားသည့် တရားရုံးမှ အကျဉ်းသား၏ လျှောက်ထားလွှာကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းမဟုတ်လျှင် အကျဉ်းသားကို ဆက်သွယ်အသိပေးရမည်ဖြစ်ကြောင်း အကျဉ်းထောင်လက်စွဲအပိုင် - ၄၇၅ တွင် အတိအလင်းဖော်ပြပါရှိသည်။

အယူခံခွင့်ပြုသည့်ကာလကို အကျဉ်းထောင်လက်စွဲအပိုဒ် -၄၄၆ (၂) အရတရားရုံးချုပ်မှလွဲ၍ အခြားတရားရုံးများသို့ အယူခံဝင်ရောက်ခြင်း အမိန့်ချသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း၊ အပိုဒ် - ၄၄၆ (၂) အရ သေဒဏ်ချမှတ်သည့် အယူခံမှလွဲ၍ တရားရုံးချုပ်သို့တင်သွင်းသည့် အယူခံ ( အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း) ဟူ၍ အတိအလင်းဖော်ပြထားသည်။

ထို့ကြောင့် ကိုမင်းအောင်သည် မူလတရားရုံးမှ ချမှတ်သည့်ပြစ်ဒဏ်ကို အထက်တရားရုံးသို့အယူခံလျှောက်ထားခဲ့ပြီးနောက်ပိုင်း ပလပ်သည့်အမိန့်ချမှတ်လိုက်ခြင်းကို နောက်ထပ် တဆင့်မြင့်တရားရုံးသို့ အယူခံမှုသို့မဟုတ် ပြင်ဆင်မှု တက်ရောက်နိုင်ရန်အတွက် ခွင့်ပြုသည့်အထက်ဖော်ပြပါ အချိန်ကာလအတွင်း အသိပေးအကြောင်းကြားရမည်ဖြစ်သည်။ ၂၀၀၉ ခုနှစ် (၆) လပိုင်းတွင် အကျဉ်းနည်းပလပ်လိုက်သည်ကို ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ (၇) ရက်နေ့တွင်မှ အသိပေးအကြောင်းကြားခြင်းမှာ ကိုမင်းအောင်တွင် ယခင်ရှိပြီးဖြစ်သည့် ဥပဒေ အခွင့်အရေးများကို ဆုံးရှုံးစေရန် ရည်ရွယ်၍ တမင်လုပ်ဆောင်လိုက်ခြင်းဖြစ်ကြောင်း ထင်ရှားသည်။

အထက်ဖော်ပြပါ ပြုလုပ်မှုများသည် လူသားတဦးအပေါ် လူမဆန်စွာ - ပြုမူခြင်း၊ ပြစ်ဒဏ်ပေးခြင်း၊ နှိပ်စက်ခြင်းဆိုသည့် နိုင်ငံတကာလူ့အခွင့်အရေးကြေငြာစာတမ်း အပိုဒ် - ၅ ကိုဖေါက်ဖျက်ကျူးလွန်ခြင်းဖြစ်သည့်အပြင် နိုင်ငံရေးနှင့် ပတ်သတ်သူများအပေါ် ရည်ရွယ်ချက်ရှိရှိဖြင့် စနစ်တကျ ကျူးလွန်နေခြင်းဖြစ်သည်။

ထို့ကြောင့် ကိုမင်းအောင်နှင့် ကိုကျော်မျိုးနိုင် တို့အပေါ် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေဖြင့် နှစ်ရှည်ထောင်ဒဏ်များ ထပ်မံချမှတ်လိုက်ခြင်းသည် န.အ.ဖ လက်ထက် တရားစီရင်ရေးကို အသုံးချလျက်နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများဖြစ်သည့်အပြင် တရားဥပဒေစိုးမိုးမှုမရှိသည့်လုပ်ရပ်များအဖြစ် မှတ်တမ်းတင်ထားရှိပါကြောင်း ဥပဒေ ရေးရာသုံးသပ်ချက်ထုတ်ပြန်အပ်ပါသည်။

အသေးစိတ်သိရှိလိုပါလျှင် -
ဦးမျိုး
တာဝန်ခံ၊ ဥပဒေရေးရာသုံးသပ်ရေးဌာန
ဖုန်း - ၀၈၆၂၁၆၀၁၀၈
၂၀၁၀ ခုနှစ် ၊ ဖွန်လ (၂) ရက်

မြန်မာနိုင်ငံရှေ့နေများကောင်စီ
ဥပဒေရေးရာသုံးသပ်ရေးဌာန